၂၀၁၅ခုနှစ် ဇန်နဝါရီလက မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့နယ်၊ လွန်ကောင်းကျေးရွာ အုပ်စု၊ ဝါနက်ကျေးရွာရှိ N-93 (2.50) ဧက ၊ N-120(2.00) ဧက အပါအဝင် ဧကပေါင်း (၁၂၀၀)ကေအား ပြည်ခိုင်ဖြိုးပါတီမှ ဦးသန်းထွန်းဆိုသူသည် ပြင်ဦးလွင်မြို့နယ် မြေစာရင်းဦးစီးဌာန ရုံးသို့ မြေလွတ်မြေရိုင်းအဖြစ် တင်ပြလျှောက်ထားပြီး မြို့နယ်မြေစာဂင်းဦးစီးဌာနမှူးရုံးမှ လျှောက်လွှာကို လက်ခံပြီး ၂၀၁၅ ဇန်နဝါရီလတွင်း မြို့နယ်မြေစာရင်းဦးစီးမှူးမှ လက်မှတ်ရေးထိုးကာ မြေလွတ်မြေရိုင်းလျှောက်ထားခြင်းကို ကန့်ကွက်ခြင်း ရှိ၊ မရှိ အမိန့်ကြေငြာချက်ကို ထုတ်ပြန်ခြင်းနှင့် ပက်သက်၍ အဆိုပါမြေပေါ်တွင် ဓားမဦးချလုပ်ကိုင်လျက်ရှိသော တောင်သူ (၈၅)ဦးသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် လယ်ယာမြေဥပဒေများနှင့် အညီဆောင်ရွက်ပေးရန် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ ၊ မန္တလေမြို့ ၊ မန္တလေးတိုင်းမြေအသုံးချမှု စီမံခန့်ခွဲရေးကော်မတီ၊ ဝန်ကြီးချုပ် ဦးရဲမြင့်အား တောင်သူ (၈၅)ဦးတို့က ၂၀၁၅ခုနှစ် ဖေဖော်ဝါရီလက တင်ပြထားသည်။